# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၃၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးသုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၃၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၃) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၈ ရက်၊

(၅) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၁ ရက်၊

(၆) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၇) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၆ ရက်၊

(၈) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၉) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၁၀) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်၊

(၁၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၂) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၁၃) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၄) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၁၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၆ ရက်၊

(၁၈) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်နှင့်

(၁၉) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယခင်ခွင့်ပန်ကြားခဲ့သူ ၅၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၇၃ ဦးရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၄ ဦး၊ ယနေ့ ခွင့်ပြုသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါ။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထောင်စုဝန်ကြီးဌာနမှ ချမှတ်ပေးသည့် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတားများ၊ အဆောက်အဦများကို ပြည်နယ်အစိုးရထံလွှဲအပ်ပြီး တင်ဒါစနစ်ဖြင့် လုပ်ကိုင်စေသောလုပ်ငန်းများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တိုင်းကနေပြီးတော့ တင်ပြနေကြ တဲ့၊ မေးနေကြတဲ့၊ ငြင်းခုံနေကြတဲ့၊ ဆွေးနွေးနေကြတဲ့ အချက်တော်တော်များများထဲမှာ တစ်ချက် အနေနဲ့ ပါဝင်တဲ့ဟာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးဌာနမှ ချမှတ် ပေးသည့် ခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်သည့် လမ်း၊ တံတားများ၊ အဆောက်အဦများကို ပြည်နယ် အစိုးရထံလွှဲအပ်ပြီး တင်ဒါစနစ်ဖြင့် လုပ်ကိုင်စေသောလုပ်ငန်းများအတွက် တင်ဒါစာချုပ်ပါအချက် အလက်များကို သက်ဆိုင်ရာဒေသခံများမှ သိရှိခွင့်ရှိ/မရှိ။ တင်ဒါပါစာချုပ်များ လျှို့ဝှက်သောကိစ္စ၊ တင်ဒါအောင်သူနှင့်အစိုးရ နှစ်ဦးနှစ်ဖက်သာရှိခြင်းတွင် မည်သည့်အခက်အခဲရှိသည် မည်သည့် အတွက်ကြောင့် ပြည်နယ်အစိုးရများမှ သက်ဆိုင်ရာပြည်သူများကို အသိမပေးနိုင်ရပါသနည်း။ သက်ဆိုင်ရာပြည်သူများမှ မသိရှိသဖြင့် ပြဿနာများစွာတက်လာသည်ကို သိရှိပါသလား။ သိရှိပါက

မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်ဆိုတဲ့ဟာနဲ့ပတ်သက်တာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါး မှုလျှော့ပါးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကနေ တင်ပြတဲ့ ဘတ်ဂျက်များကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီးတော့ချမှတ်ပေးတာ အားလုံးအသိပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ချမှတ်ပေးတဲ့နေရာတွေကို တင်ဒါခေါ်တဲ့အခါမှာ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများက နေပြီးတော့ သူတို့ဆောင်ရွက်ရမယ့်လုပ်ငန်းနဲ့ DPPQ ကစပြီးတော့ စာချုပ်မှာဘာတွေပါဝင်သလဲ ဆိုတာကို သက်ဆိုင်ရာဒေသခံတွေကို အသိမပေးနိုင်တဲ့အတွက်ကြောင့်၊ အသိပေးဖို့ရာငြင်းပယ်နေတဲ့ အတွက်ကြောင့် ထင်သာမြင်သာရှိမှု မရှိပါဘူး။ နောက်ပြီးတော့လည်း အဲဒီအတွက်လည်း အငြင်းပွား ဖွယ်ရာတွေ အများကြီးဖြစ်ပေါ်လာပါတယ်။ ဒါ မြို့နယ်တိုင်းမှာရှိနေတဲ့ပြဿနာဖြစ်ပါတယ်။ ဒီကိစ္စကို တင်ဒါမှာ ဘာတွေပါဝင်သလဲ။ သူတို့ဆောင်ရွက်ရမယ့်လုပ်ငန်းတွေက အသေးစိတ် ဘာတွေဘာတွေ ဖြစ်ပါတယ်ဆိုတာကို ပြည်သူလူထုက သိရှိခွင့်ရှိလို့ရှိရင် ဆောင်ရွက်တဲ့ကုမ္ပဏီတွေရဲ့ ဆောင်ရွက်မှုကို အစဉ်မပြတ် သူတို့အနေနဲ့ကြီးကြပ်ပြီးတော့ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အခုဖြစ်နေတာက ဒါတွေ မသိတဲ့အတွက်ကြောင့် နောက်ဆုံးမှာဘာဖြစ်လာလဲဆိုတော့ စံချိန်စံညွှန်းမမီတဲ့ အဆောက်အဦတွေ၊ လုပ်ငန်းတွေ ဖြစ်ပေါ်လာတဲ့အခါမှာ တစ်ခါပြန်ပြီးတော့၊ စာဒကတက်ပြီးတော့ အပေါ်ကိုတိုင်၊ အပေါ်ကလည်းပြန်လည်စစ်ဆေး၊ ပြန်လည်စစ်ဆေးတဲ့အခါမှာလည်း အဖြေကလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်မှာချမှတ်ခဲ့တဲ့တင်ဒါတွေဟာ အခုထိ ကျွန်တော်များမြို့နယ် ဖလမ်းမြို့ နယ်မှာဆိုရင် ပြန်လည် ပြီးတော့ ပြုပြင်ဖို့ဆိုတဲ့လုပ်ငန်းတွေလည်း အခုထိ ဘာမှအကောင်အထည်မဖော်သေးပါဘူး။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းမေးမြန်းတဲ့မေးခွန်း နှင့်ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ချင်း ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံတော်မှထောက်ပံ့တဲ့ ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးဘဏ္ဍာရန်ပုံငွေ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများနဲ့ ချင်းပြည်နယ်အတွင်းမှာလမ်း၊ တံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်နယ်/ခရိုင်/မြို့နယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီများမှ နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်တဲ့နေရာများတွင်လည်းကောင်း ကြော်ငြာပြီးတော့ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ တင်ဒါခေါ်ယူမှုအပေါ် တင်ပြလျှောက်ထားလာတဲ့ကုမ္ပဏီများရဲ့ Profile Estimate အသေးစိတ်တွက်ချက်မှုများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ကုမ္ပဏီတစ်ခုချင်းအလိုက် အသေးစိတ်စိစစ်ပြီး အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားတဲ့ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ်ရေးကော်မတီအဆင့်ဆင့်ဖြင့် ရွေးချယ်ဆောင်ရွက်တဲ့အပြင် တင်ဒါလုပ်ငန်းအပ်နှံသူ/လုပ်ကိုင်သူများ ပြဿနာမဖြစ်ပွားစေရန် ပြည်နယ်/ခရိုင်/မြို့နယ်ဆောက်လုပ်ရေးကြီးကြပ်မှုနှင့် အရည်အသွေးစိစစ်ရေးကော်မတီများမှ ကြီးကြပ်စစ်ဆေးရေးများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် စာချုပ်ချုပ်ဆိုဆောင်ရွက်ရာမှာ စာချုပ်ပါအချက်အလက်များကို တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများသို့လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများထံသို့လည်းကောင်း ပေးပို့ထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူများအနေနဲ့ စာချုပ်ပါအချက်အလက်များကို သိရှိလိုပါက တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများထံ၌လည်းကောင်း၊ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင်လည်းကောင်း ဆက်သွယ်တောင်းယူရရှိနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ထုံးလုပ်နည်းဆိုတဲ့ အခုဒုတိယဝန်ကြီးတင်ပြတဲ့ဟာတွေကတော့ ကျွန်တော်တို့လည်း သဘောပေါက်ပြီးသားဖြစ်ပါတယ်။ သို့သော် လက်တွေ့အခြေအနေမှာ ဒါတွေဟာ မဖြစ်နိုင်တာတွေအများကြီးရှိနေပါတယ်။ ဒါကို ကျွန်တော် လက်တွေ့ကိုယ်တိုင်ခံစားရတဲ့ခံစားချက်နဲ့ ကျွန်တော်တင်ပြတာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာရှိတဲ့ပြည်သူများက သူတို့ကျောင်းအတွက် သိန်း ၁၈၀ ကျော်လေးရတယ်။ နောက်ဆေးရုံ၊ ဆေးပေးခန်းအတွက် ဒီလောက်လေးတွေ ရတဲ့ဟာတွေကို တကယ်တမ်းလုပ်တဲ့အခါမှာ သိန်း ၁၀၀ ဖိုး တောင်မရှိတဲ့ကိစ္စတွေ တော်တော်များများရှိတယ်။ ဒါကို စစ်ဆေးရေးအဖွဲ့ဆိုပြီးတော့

ပြန်လည်စစ်ဆေးတဲ့အခါမှာလည်း အဲဒီစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးချက်ရဲ့အဖြေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကဟာတွေ အခုထိမပေါ်သေးပါဘူး။ ဒါပြင်ရမယ်၊ ပြုပြင်ရမယ် ဘာညာပြောပြီးတော့ မပြင်သေးတာတွေ အများကြီးရှိနေပါတယ်။ အဲတော့ အဲဒီဟာတွေကို ဒီကုမ္ပဏီတွေကို ဘယ်လို ဆက်လက်ပြီးတော့၊ အထက်ကနေပြီးတော့ အရေးယူလို့ခေါ်မလား။ ပြီးတော့ ညွှန်ကြားချက်လို့ ခေါ်မလား။ ဘယ်လိုလုပ်ပေး၊ စီစဉ်ဆောင်ရွက်ပေးသလဲဆိုတဲ့အချက်နဲ့ ခုနကပြောခဲ့တဲ့ တင်ဒါပါ၊ စာချုပ်ပါအချက်အလက်များကို မြို့နယ်/ခရိုင်တွေမှာပို့ထားပါတယ်။ သက်ဆိုင်ရာတင်ဒါရတဲ့ကုမ္ပဏီတွေဆီမှာ မေးနိုင်ပါတယ်။ မေးပါတယ်။ မရပါဘူးခင်ဗျား။ မေးလို့မရလို့၊ သူတို့မသိလို့ ဒါတွေဖြစ်နေတာဖြစ်ပါတယ်။ ဆိုတော့ ဒါကို ထင်သာမြင်သာရှိအောင် လုပ်ပေးစေလိုတဲ့အချက်က မဲဆန္ဒရှင်ပြည်သူလူထုရဲ့သဘောထား ဆန္ဒဖြစ်ပါတယ်။ ဒါကို လုပ်ပေးနိုင်ခြင်းရှိ/မရှိပဲ ကျွန်တော်အနေနဲ့ တိုက်ရိုက်သိချင်ပါတယ်။ လုပ်ထုံးလုပ်နည်းအရလုပ်တဲ့လုပ်ငန်းတွေက ကျွန်တော်မငြင်းပါဘူး။ ဒါမှန်ကန်ပါတယ်။ တိကျပါတယ်။ အထက်ကညွှန်ကြားချက်ကို အောက်ကနေပြီးတော့ အကောင်အထည်မဖော်တာဟာ ဘယ်လိုလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြန်လည်ရှင်းလင်းဖြေကြားဖို့လိုရင် ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်သိမ်း(နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ကျွန်တော် အခုလာဖြေတာသည် ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လာဖြေတာဖြစ်ပါတယ်။ ထပ်ဆင့်ပြီးတော့ မေးချင်တယ်ဆိုရင်လည်း ကျွန်တော်ချင်းပြည်နယ်အစိုးရကိုပဲ ပြန်မေးပြီးတော့မှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

**မိုင်းပြင်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စု နမ့်ပိန်ချောင်းဘေးတွင် ရေတိုက်စား၍ နှစ်စဉ်ပြိုကျလျက်ရှိသော ရွာမြေများအား မြေတားတမံပြုလုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)။** ။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ကျွန်တော်ရှမ်းပြည်နယ်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က ရိုသေဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့် မဲဆန္ဒနယ်က ပြည်သူများရဲ့တင်ပြချက်အရ မြေတားတမံဆောက်လုပ်ပေးရေးကိစ္စနှင့် ပတ်သက်ပြီး မေးခွန်းအဖြစ် မေးမြန်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပြင်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စုမှာ ဝမ်နား၊ ကွန်စိုင်းဆိုတဲ့ ကျေးရွာတစ်ရွာရှိပါတယ်။ အဲဒီကျေးရွာရဲ့အနီးမှာ နမ့်ပိန်းချောင်းကြီးတစ်ချောင်း စီးဆင်းပြီးတော့မှ အဲဒီနမ့်ပိန်းချောင်းကို အမှီပြုပြီး

စိုက်ပျိုးရေးအတွက် လုပ်ဆောင်တဲ့အခါမှာ အခြေအနေကောင်းတွေတော့ ရှိခဲ့ပါတယ်။ သို့ပေမယ့်လည်း ကျွန်တော်တို့ မိုးရာသီ ရေကြီးရေလျှံကာလအတွင်းမှာ ချောင်းရေရဲ့တိုက်စားမှုကြောင့် ကျေးရွာရဲ့မြေများဟာ တစ်နေ့ထက်တစ်နေ့ ဆုံးရှုံးပြီးတော့မှ နောင်သောအခါမှာ ကျေးရွာလုံးကျွတ်မြေများ ပျက်စီးသွားမယ့်အခြေအနေမှာရှိနေပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ရေကြီးရေလျှံတဲ့အတွက်ကြောင့် ချောင်းရေကြီးပြီးတော့မှ ကျေးရွာသူကျေးရွာသားများရဲ့ အသက်အန္တရာယ်ကိုလည်း စိုးရိမ်ရမယ့်အခြေအနေတွေ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ယမ်းခမ်းကျေးရွာအုပ်စု ဝမ်နား၊ ကွန်စိုင်းကျေးရွာရဲ့အနီးမှာ မြေတားတမံပြုလုပ်မယ့်အစီအစဉ်ကို ကျွန်တော့်အနေနဲ့ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ မိုင်းပြင်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စု ဝမ်နား၊ ကွန်စိုင်းရွာအနီး နမ့်ပိန်းချောင်းဘေးမှာ ရေတိုက်စားပြီးတော့ နှစ်စဉ်ပြိုကျလျက်ရှိတဲ့ရွာမြေများကို မြေတားတမံပြုလုပ်ပေးရန်အစီအစဉ်များကို မည်သည့်ကာလအတွင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကျိုင်းတုံခရိုင်၊ မိုင်းပြင်းမြို့နယ် ယမ်းခမ်းကျေးရွာအုပ်စုမှာရှိတဲ့ ကွန်စိုင်းရွာနှင့် ဝမ်နားရွာ အိမ်ခြေ ၅၀ ခန့်မှာ နမ့်ပိန်းချောင်းကို တပိုင်တနိုင် လက်လုပ်ဆည်ပြုလုပ်ပြီးတော့ စိုက်ပျိုးရေးလယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေတဲ့နေရာဒေသတစ်ခုဖြစ်ပါတယ်။

မိုင်းပြင်းမြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံအဖွဲ့အစည်းများနှင့် ၃၁-၁-၂၀၁၅ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးညှိနှိုင်းဆောင်ရွက်ခဲ့တဲ့အခါမှာ ကွန်စိုင်းရွာ၊ ဝမ်နားရွာအနီး နမ့်ပိန်းချောင်းဟာ စိုက်ပျိုးရေးအတွက် အကျိုးဖြစ်ထွန်းသော်လည်းပဲ မိုးရာသီကာလများမှာ ချောင်းရေကြီးပြီးတော့ ရွာမြေကို ရေတိုက်စားမှုများကြောင့် ပြိုကျပြီးတော့ ပြောင်းရွှေ့ရမယ့်အနေအထားဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ရေတိုက်စားမှုမှကာကွယ်ရန် နမ့်ပိန်းချောင်း သဲနုန်းတူးဖော်

ပေါင်ဆင့်ခြင်းနှင့် ချောင်းဖြောင့်ရေကာတန်းပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းအားဖြင့် ရေတိုက်စားပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိအခြေအနေဟာ နမ့်ပိန်းချောင်းရေဟာ မိုးရာသီမှာ ချောင်းရေကြီးပြီးတော့ ချောင်းကမ်းပါး ရေတိုက်စားပျက်စီးမှုဖြစ်ပေါ်လျက်ရှိ လယ်ယာမြေ၊ အိမ်ခြေများနှင့် နီးကပ်စွာရှိသည်ကို တွေ့ရှိရပါကြောင်း သဲနုန်းတူးဖော် ပေါင်ဆင့်ခြင်းနှင့် ချောင်းဖြောင့် ရေကာတန်းပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မှုရှိကြောင်း တွေ့ရှိရပါတယ်။

အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေးဖို့အတွက် ရှမ်းပြည်နယ်အစိုးရရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အသုံးစရိတ်မှာ လျာထားမှုမရှိတဲ့အတွက်ကြောင့် လတ်တလောစီစဉ်ပေးနိုင်ရန် မရှိပါကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ လျာထားစီစဉ်ဆောင်ရွက်မည်ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မိုင်းပြင်းမြို့နယ် နမ့်ပိန်းချောင်းရေတိုက်စားမှု ကာကွယ်ရေး၊ နမ့်ပိန်းချောင်း သဲနုန်းတူးဖော် ပေါင်ဆင့်ခြင်းနှင့် ချောင်းဖြောင့်ရေကာတန်း ပြုလုပ်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေကျပ် ၄၀.၀၀ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် RE (ဖြည့်စွက်ရန်ပုံငွေ)မှာ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်၍သာ လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြောက်ဦးမြို့နယ် ရှင်ကျော်မုနိဘုရားသို့ သွားသည့် သရီချောင်းငယ်ကို ဖြတ်ကူးရန်အတွက် တံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန်အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် သရီချောင်းငယ်၏အနောက်ဘက်ကမ်းတွင် ရခိုင်သမိုင်းဝင် ရှင်ကျော်မုနိဘုရားကြီး တည်ထားရှိပါတယ်။ အဲဒီ ရှင်ကျော်မုနိဘုရားကြီးသို့ သွားရောက်ဖူးမျှော်ရန်အတွက် ပတ်ဝန်းကျင်ရှိကျေးရွာများအနေဖြင့် ကူးတို့လှေကိုအသုံးပြုပြီးတော့ သွားလာကြရပါတယ်။ သရီချောင်းငယ်မှာ ပေ ၁၃၀ ခန့် ကျယ်ဝန်းသဖြင့် ဘုရားပွဲကျင်းပနေစဉ်ကာလများတွင် ကူးတို့လှေကို

အသုံးပြုသူ များပြားလွန်းသဖြင့် ကူးတို့လှေမှောက်၍ အသက်ဆုံးရှုံးခဲ့ရသူ လေးဦးအထိရှိခဲ့ပါပြီ။ သို့ဖြစ်ပါ၍ အန္တရာယ်ဖြစ်နိုင်သော ကူးတို့လှေအသုံးပြုသွားလာရခြင်းမှ ကင်းဝေးစေရန် နိုင်ငံတော်အစိုးရမှ စေတနာမေတ္တာရှေ့ထားပြီး သင့်တော်သော တံတားတစ်စင်းတည်ဆောက်ပေးပါက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ရာသီမရွေး အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြမည် ဖြစ်သည့်အပြင် ဘုရားပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၂၄ ရွာမှာလည်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ အနီးကပ်ဆုံး ကျောက်တော်မြို့နယ်သို့လည်း ခရီးသွားလာမှု လွယ်ကူသွားမည် ဖြစ်ပါတယ်။ တံတားတည်ဆောက်ပေးရေးကိစ္စနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နိုင်ခြင်းပြီးစီးပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခေါင်းစဉ်အောက်တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်တော်၏ မေးမြန်းမှုအပေါ် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့စွဲပါစာအမှတ် ၀၁/၁-၁/အစိုးရ(ရခိုင်) ဖြင့် ဖြေကြားထားပြီးလည်း ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ မြောက်ဦးမြို့နယ် ရှင်ကျော်မုနိဘုရားသို့သွားသည့် သရီချောင်းငယ်အရှေ့ဘက်ကမ်းတွင် ကွန်ကရစ်ခင်းလမ်း ပြီးစီးသွားပြီဖြစ်၍ သရီချောင်းငယ်ကို ဖြတ်ကူးနိုင်ရန် သင့်တော်သောတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ မြောက်ဦးမြို့နယ် ရှင်ကျော်မုနိဘုရားကိုသွားတဲ့ သရီချောင်းငယ်ကို ဖြတ်ကူးနိုင်ရန် သင့်လျော်တဲ့တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီး မြောက်ဦးမြို့နယ် သရီချောင်းကူးတံတား

ဟာ မြောက်ဦးမြို့နယ်ရဲ့ အနောက်ဘက်ကမ်းမှာတည်ရှိပြီးတော့ မြောက်ဦးမြို့ကနေပြီးတော့ ၁၀ မိုင် ခန့်ကွာဝေးပြီးတော့ ထိုချောင်းကူးတံတားအနီးတစ်ဝိုက်မှာ ဝက်လှ၊ ရှင်ကျော်၊ ကုန်းဘောင်၊ ရွာသစ်ကေ၊ တင်းထိန်ကန်၊ တိန်ညို၊ သပြေကန်ကျေးရွာများ တည်ရှိပြီးတော့ ရှင်ကျော်မုနိဘုရားကြီး ကို သွားရောက်ဖူးမြော်မည်ဆိုလို့ရှိရင် လက်ရှိအချိန်မှာ ကူးတို့လှေနဲ့ အမှီပြုပြီးတော့ သွားရောက်ကြ ရပါတယ်။ ရှင်ကျော်မုနိဘုရားကြီးသို့ရောက်ရှိရန် တိန်ညို-ရှင်ကျော်လမ်းမှတစ်ဆင့် သရီချောင်းကို ဖြတ်သန်းရပါတယ်။ တိန်ညို-ရှင်ကျော်လမ်းဟာ အရှည် ၃ မိုင်ခန့်ရှိပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနဲ့ မြေသားလမ်းတိုးချဲ့ခြင်း ၂ မိုင် ၄ ဖာလုံကို ငွေကျပ် ၂၀.၈ သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်လမ်းခင်းခြင်း ၂ မိုင် ၂.၂ ဖာလုံကို ၂၇၃.၀ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြောက်ဦးမြို့နယ် သရီချောင်းငယ်ရဲ့အကျယ်ဟာ ၃၂၀ ပေခန့်ရှိပြီးတော့ သံကူကွန်ကရစ်တံတားတည်ဆောက်မည်ဆိုလို့ ရှိရင် ၃၈၀ ပေ x ၁၈ ပေ x ၃၀ ပေ ပြုလုပ်ရမှာဖြစ်ပါတယ်။ အဆိုပါ သရီချောင်းငယ်ကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ သံကူကွန်ကရစ်တံတားတည်ဆောက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တံတားဦးမြို့နယ်အတွင်း လေယာဉ်ကွင်းတည်ဆောက်စဉ် သိမ်းဆည်ခဲ့သော မြေများအတွက် ပြည်ထောင်စုလွှတ်တော်၏ အစီရင်ခံစာများပါအတိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် ပြန်လည်အပ်နှံပေး ပြီးသော မြေများအပြင် ကျန်ရှိသော မြေများအား မည်သည့်အချိန်တွင် ပြန်လည်ပေးမည်ကိုသိလို ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြို့နယ်အတွက် ဒီလေယာဉ်ကွင်းတည်ဆောက်တဲ့အချိန်မှာ သိမ်းတဲ့ မြေဧက ၂၈၀၀၀ ကျော်ရှိပါတယ်။ အမှန်တကယ် လေယာဉ်ကွင်းအတွက်အသုံးချခဲ့တာကတော့ ဧက ၃၀၀၀ ကျော်ပဲရှိပါတယ်။ ကျွန်မတို့ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေစုံစမ်းရေးကော်မရှင်ကနေ ပြီးတော့ ဒီလေယာဉ်ကွင်းအတွက်အသုံးချဖို့ကို ဧကပိုပြီးတော့မှလိုအပ်တယ်ဆိုလို့ရှိရင် နောက်ထပ် ထပ်ပြီးတော့မှနည်းနည်းထပ်သိမ်းပါ။ ပြီးလို့ရှိရင် ကျန်တဲ့မြေတွေကို ပြန်ပေးပါ။ သိမ်းတဲ့မြေတွေ အတွက်လျော်ကြေး၊ နစ်နာကြေးများပေးပါဆိုပြီးတော့မှ ကျွန်မတို့ပြည်ထောင်စုအစိုးရကိုတိုက်တွန်းတဲ့

အဆိုပြုလွှာကိုအစီရင်ခံထဲမှာ ထည့်ထားပါတယ်။ အဲဒီတော့ပြန်ပေးဖို့အတွက် ကျန်နေတာက ဧက ၁၆၀၀၀ ကျော်ထပ်ကျန်ပါသေးတယ်။ ကျွန်မတို့ ဧက ၉၀၅၅ ကိုပေးပြီးပါပြီ။

လေးစားအပ်သော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အဓိကမေးချင်တာက ကျန်တဲ့မြေကိုပြန်ပေးဖို့နဲ့ လျော်ကြေးပေးဖို့ပဲ ဖြစ်ပါတယ်။ ကျန်တဲ့မြေဧက ၁၆၀၀၀ ကျော်ရှိပါတယ်။ အမှန်မှာတော့ ဧက ၂၀၀၀၀ ကျော်ကျန်တဲ့အပေါ်မှာ ၉၀၅၅ ဧကကို ပြန်ပေးလိုက်တဲ့အတွက် ၁၆၀၀၀ ပြန်ပေးရမှာပါ။ အဲဒီတော့ ပြန်ပေးတဲ့ ၉၀၅၅ ဧကကိုလည်း အခမ်းအနားတွေနဲ့ အကြိမ်ကြိမ်ပေးပါတယ်။ ကျွန်မလည်း တက်ရောက်တဲ့အတွက်ကြောင့်မို့လို့ အဲဒါကိုသိပါတယ်။ နိုင်ငံပိုင်သတင်းစာတွေထဲမှာလည်းပဲ မြေပြန်လည်စွန့်လွှတ်တဲ့သတင်းတွေဆိုပြီးတော့မှ ပါပါတယ်။ ဒါပေမယ့် ဒါဟာ အမှန်တကယ် ထိရောက်တဲ့ဖြေရှင်းမှု မဟုတ်သေးတာကို ရေးပြီးတော့မှ သတင်းထဲမှာ ဖြန့်နေတာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးတွေကိုယ်တိုင် ပုံစံ(၇)တွေဆိုပြီးတော့မှ ပေးပါတယ်။ ဒါပေမယ့် အဲဒီပုံစံ(၇)တွေ ပြန်ပေးတဲ့အခမ်းအနားထဲမှာ ပါတဲ့လယ်မြေတွေသည်ပင်လျှင် ကျွန်မတို့ တောင်သူတွေက အမှန်တကယ် ပုံစံ(၇)တွေကိုမရတဲ့ တောင်သူတွေအများကြီးရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ မြေသိမ်းမှုနှင့်ပတ်သက်ပြီးတော့မှ နစ်နာဆုံးရှုံးတဲ့တောင်သူတွေဟာ အခုအချိန်မှာ နလန်ထူဖို့ကို မလွယ်နိုင်တဲ့အခြေအနေကိုဖြစ်နေပါပြီ။ ကျွန်မတို့ကိုယ်စားလှယ်တွေအနေနဲ့လည်း လွှတ်တော်ထဲမှာ အကြိမ်ကြိမ်မေးနေပေမယ့် အစိုးရက အကောင်အထည်မဖော်တဲ့အတွက်ကြောင့်မို့လို့ မေးခွန်းမေးမြန်းရမှာ၊ ဆွေးနွေးရမှာကိုပဲ ကျွန်မတို့အတွက် ရှက်စရာကောင်းလာတဲ့ အခြေအနေထိကိုဖြစ်နေပါပြီ။ ဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကိုယ်စားလှယ်ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ပကတိမြေပြင်အခြေအနေလိုအပ်ချက်အရ မေးနေရခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သိချင်တဲ့မေးခွန်းတွေကတော့ (၁) တံတားဦးမြို့နယ်အတွင်း လေယာဉ်ကွင်း တည်ဆောက်စဉ် သိမ်းဆည်းခဲ့သော မြေများအတွက် ပြည်ထောင်စုလွှတ်တော်၏ လယ်ယာမြေ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများပါအတိုင်း ဆောင်ရွက်ပြီးစီးမှုကို သိရှိလိုပါတယ်။ (၂) ပြန်လည်အပ်နှံပေးပြီးသော မြေများအပြင် ကျန်ရှိသော အမှန်တကယ် အသုံးမချသည့် တောင်သူများ လုပ်ကိုင်လျက်ရှိသည့် မြေများအား ဘယ်အချိန်မှာ ပြန်ပေးမယ်ဆိုတာကို သိလိုပါတယ်။ (၃) Master Plan ဟုခေါ်တဲ့ ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ ဆက်လက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်မှာ မြေပိုင်ရှင် တွေကို တရားဝင်အသိပေးခြင်းမရှိပါဘူး။ အစိုးရပိုင်မီဒီယာကနေပြီးတော့မှ ဒီအစီအစဉ်ကို

ဆောင်ရွက် မယ်ဆိုပြီးတော့မှ ကြေညာနေပါတယ်။ အဲဒီလို လုပ်နေတာဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ အစီရင်ခံစာအတိုင်း ဆောင်ရွက်ခြင်းမရှိဘူး။ အဲဒါအပြင် ဥပဒေနဲ့လည်းညီညွတ်မှုမရှိသည့်အတွက် ဥပဒေနှင့်အညီ လွှတ်တော်၏ အစီရင်ခံစာပါအတိုင်း ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာရဲ့မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်ယော် ကပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်မှာ တည်ဆောက်ခဲ့တဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းအတွက် သိမ်းဆည်ခဲ့ရတဲ့ မြေဧရိယာ ၂၈၅၇၆ ဧကေအနက် နိုင်ငံတော်၏ လိုအပ်ချက်အရ လေတပ်ဆွယ်(တံတားဦး)သို့ ၅၆၁.၂ ဧက၊ အမြန်လမ်း ရဲစခန်းသို့ ၂.၇၂ ဧက၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၆၇၂)သို့ ၁.၂ ဧက၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အမြန်လမ်းအတွက် ဧရိယာ ၄၅၂.၈၉ ဧကနှင့် အောင်စည်းခုံဘုရားဝတ္တကမြေအတွက် ၁.၂ ဧက စုစုပေါင်း ၁၀၁၉.၂၁ ဧကကိုလွှဲပြောင်းပေးခဲ့ပြီး ရန်ကုန်-မန္တလေးအမြန်လမ်း အရှေ့ဘက်ခြမ်းဘက်ရှိနေတဲ့ ၉၀၅၅ ဧက စိုက်ပျိုးလျက်ရှိနေတဲ့ မူလပိုင်ရှင်များသို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီမှတစ်ဆင့် မူလပိုင်ရှင်များသို့ ၂၆-၆-၂၀၁၄ ရက်နေ့မှာ ပြန်လည်လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွက် သိမ်းယူခဲ့သော မြေဧရိယာတွင် ၁၈၅၀၁.၇၉ ဧကကျန်ရှိပြီး လက်ရှိအသုံးပြုလျက်ရှိတဲ့ မြေဧရိယာမှာ ၃၄၉၅ ဧက ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့လည်း တံတားဦးမြို့နယ်အတွင်းမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ

လေဆိပ်ကို သိမ်းယူခဲ့တဲ့ မြေဧရိယာ ၂၈၅၇၆ ဧကအနက် ၉၀၅၅ ဧကကို တောင်သူများနှင့် သက်ဆိုင်ရာလုပ်ငန်းဌာနများသို့ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)နှင့် ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်ပါတယ်။ ပြန်လည်ပေးအပ်ပြီး မြေဧရိယာ ၉၀၅၅ ဧကမှ လယ်ယာမြေဧက ၃၄၅၆ ဧကကို တောင်သူ ၁၁၁၇ ဦးအား ယာယီပုံစံဖြင့်လည်းကောင်း၊ ဧရိယာ ၃၇၆၁ ဧကအား တောင်သူ ၁၃၁၆ ဦးအား ပုံစံ(၇)ဖြင့် လည်းကောင်း ပေးအပ်ခဲ့ပြီး စုစုပေါင်း တောင်သူ ၂၄၃၃ ဦး၊ စုစုပေါင်းစိုက်ပျိုးမြေဧရိယာ ၇၂၁၇ ဧကကို ပြန်လည်လွှဲပြောင်းပြီးဖြစ်ပါတယ်။ ထို့အပြင် ရွာမြေ၊ လမ်းမြေ၊ ဆည်မြောင်း၊ ကန်၊ တာတမံမြေ၊ သာသနာမြေအစရှိသည့် အခြားမြေ ၁၈၃၈ ဧကကို သက်ဆိုင်ရာအဖွဲ့အစည်း ပုဂ္ဂိုလ်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အနာဂတ်ကာလရဲ့ Aviation နဲ့ Logistic Hub အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် တင်ဒါအောင်မြင်တဲ့ MC-Jalux Airport Services Co.,Ltd နှင့် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန် စာချုပ်ချုပ်ဆိုထားပြီး ယခုလအတွင်း လွှဲပြောင်းပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ Master Plan အကြောင်းလေး အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို တင်ပြပါအတိုင်း Aviation နဲ့ Logistic Hub အဖြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ပြီးတော့မှ ဆောင်ရွက်တာဖြစ်ပါတယ်။ အခုထိ အသုံးပြုနေတဲ့ မြေ ၃၄၉၅ ဧကဟာ ခြံစည်းရိုးခတ်ထားပါတယ်။ လေဆိပ်ပိုင်မြေဖြစ်ပါတယ်။ အဲဒီတော့ လေဆိပ်ပိုင်မြေအတွင်းထဲမှာ ဒီ Mitsubishi Jalux Airport Services Co.,Ltd က ဒီဒေသကနေပြီးတော့ထွက်တဲ့ လယ်ယာအခြေခံ သီးနှံများဖြစ်တဲ့ သစ်သီး၊ သစ်သီးဝလံများ၊ ပန်းမာန်များ၊ ဟင်းသီးဟင်းရွက်များကို ဂျပန်နိုင်ငံတခြားဈေးကွက်များကို တင်ပို့ရန် ရည်ရွယ်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီဧရိယာအတွင်းမှာ - Cold Storage များ၊ ပစ္စည်းပို့လှောင်ရုံများ၊ လမ်းများ သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်တဲ့ Facility များ အစသဖြင့် တည်ဆောက်ပြီးတော့မှ ဒီပစ္စည်းတွေကို၊ ဒီထွက်ကုန်တွေကို ဂျပန်နှင့် တခြားဈေးကွက်များကို တင်ပို့ဖို့ ရည်ရွယ်ပြီးတော့ လွှဲပြောင်းရယူခဲ့ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဒီအတွက် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် တံတားဦးကနေပြီးတော့ နယ်မြေအတွင်းမှာ ထွက်ရှိနေတဲ့ သစ်သီးဝလံများ အထူးသဖြင့် သရက်သီး၊ ဇီးသီး၊ ရှမ်းပြည် တစ်ခွင်ကထွက်တဲ့ မက်မန်းသီး၊ သစ်တော်သီး၊ အားလူး၊ ကော်ဖီ အစသဖြင့် အသီးအနှံများအပြင် ပန်းမာန်များအားလုံးကို ဒီကနေတစ်ဆင့် ပို့နိုင်မှာဖြစ်ပါတယ်။ ဒီ Master Plan ဟာ

နှစ်ဖက်မျှပြီးတော့မှ ဆောင်ရွက်တာဖြစ်ပါတယ်။ အခု လောလောဆယ်အနေနဲ့ ရှိထားတဲ့မြေတွေဟာ ၃၄၉၅ ဧကမှာ လေဆိပ်က လိုအပ်တဲ့အဆောက်အဦများကို ဆောင်ရွက်သွားမှာဖြစ်ပြီး အပြင်မှာ ပိုနေတဲ့ မြေတွေ ခန့်မှန်းခြေ ဧက ၁၅၀၀၀ ခွဲလောက်ရှိပါတယ်။ ဒီ ၁၅၀၀၀ ဟာလည်း နောက်ထပ် လေဆိပ်တိုးတက်ဖွံ့ဖြိုးလာတဲ့အခါမှာ ပြေးလမ်းတစ်ခုမဟုတ်ဘဲနဲ့ နှစ်ခုအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကြိုတင်သိမ်းယူထားခြင်းပဲဖြစ်ပါတယ်။ နောက် Logistic Hub ဖြစ်နေတဲ့အတွက် ဒီနေရာမှာ သစ်သီးဝလံများ စုစည်းထားဖို့အတွက် ဥပမာ- ခရမ်းချဉ်သီးများ ပိုလျှံတယ်ဆိုလို့ရှိရင် ဖျော်ရည်စက်ရုံတည်ထောင်ခြင်း စသဖြင့် ဒီလိုလုပ်ငန်းများ အခြောက်ခံစက်ရုံ များလုပ်ဖို့အတွက် တစ်ဆက်တည်း ပူးတွဲပါလာတဲ့ စီမံကိန်းကြီးဖြစ်ပါတယ်။ ဒီ Master Plan အရ ဆောင်ရွက်ရမယ်ဆိုရင် ကျန်တဲ့မြေတွေကို အသုံးချဖို့အတွက် မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီနှင့် အခု လောလောဆယ်အားဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြား အပ်ပါတယ်။ ဒီလိုညှိနှိုင်းပြီးတဲ့အခါမှာ ပိုလျှံနိုင်တဲ့ မြေအနေအထားတွေရှိပါသေးတယ်။ ဒီဟာကိုတော့ အသေးစိတ်တွက်ချက်ပြီးမှ ဖြည့်စွက်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဒီ Master Plan ဟာ ကျွန်မတို့အတွက်တော့ ကြားရတာအင်မတန်ကောင်းပါတယ်။ ဒါပေမယ့် ကျွန်မတို့တံတားဦးမြို့နယ်မှာ လေဆိပ်အတွက်သိမ်းတာက ၃၀၀၀၀ နီးပါး၊ ဟိုတယ်ဇုန်အတွက်က ၅၀၀၀ ကျော်၊ အမြန်လမ်းအတွက် က ၂၀၀၀ ကျော် အခု ဂျပန်နိုင်ငံနဲ့ တခြားနိုင်ငံတွေကို တင်ပို့မယ်ဆိုတော့ ဘယ်မြေတွေပေါ်မှာ ကျွန်မ တို့က စိုက်ရပျိုးရတော့မယ်ဆိုတာတောင်မှ မသိလောက်တဲ့အခြေအနေမှာဖြစ်နေပါတယ်။ နောက် တစ်ခုကကျတော့ အမှန်တကယ်သုံးမယ်ဆိုရင်လည်းပဲ ညှိနှိုင်းရမှာသည် တောင်သူနဲ့ပဲဖြစ်ပါတယ်။ တိုင်းဒေသကြီးမြေအသုံးချမှုကော်မတီနဲ့ ညှိနှိုင်းတာဟာ တောင်သူကိုဥပေက္ခာပြုပြီးတော့မှ ကော်မတီနဲ့ ပဲ၊ ဒီလူတစ်ခုနဲ့ပဲဆက်စပ်ပြီးတော့မှ အလုပ်လုပ်မယ်။ ဥပဒေနဲ့မညီဘူးဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့တောင်သူတွေကတော့ ဒီဟာကို ကျွန်မတို့အမှန်တကယ်ပဲ ပြည်သူ့အတွက်၊ တောင်သူ့အတွက် အကျိုးရှိစေချင်တယ်ဆိုရင် ကျွန်မတို့တောင်သူများကိုပဲ မြေပြန်ပြီးတော့မှလုပ်ကိုင် ခွင့်ပြုဖို့လို့အစီအစဉ်ရှိ/မရှိ ကျွန်မက ထပ်ပြီးတော့မှမေးချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ခုနက ဒေါ်ခင်သန္တာမေးတဲ့ ပိုလျှံနေတဲ့မြေတွေပေါ့။ ပိုလျှံနေတဲ့မြေမှာ အခု

၁၅၀၀၀ လောက် လောလောဆယ် ခန့်မှန်းပိုလျှံနေပါတယ်။ အဲဒီတော့ ပိုလျှံနေတဲ့ဟာကို သိမ်းဆည်းထားတာမဟုတ်ပါဘူး။ အဲဒီမြေတွေပေါ်မှာ သက်ဆိုင်ရာတောင်သူများက သမားရိုးကျပဲ စိုက်ပျိုးတဲ့ သီးနှံတွေလုပ်ကိုင်စားသောက်နေတာဖြစ်ပါတယ်။ အဲဒီတော့ သိမ်းဆည်းထားတယ်ဆိုတာ နာမည်အရသာ မြေကိုအမည်ပေါက်လွှဲပြောင်းရယူခြင်းဖြစ်ပါတယ်။ ဒီဟာတွေကို ဘာမှသိမ်းဆည်းပြီးတော့မှ ဟန့်တားခြင်း၊ တားမြစ်ခြင်း၊ မစိုက်ရဘူးဆိုပြီးတော့မှ ဆောင်ရွက်ထားခြင်းမရှိပါဘူး။ အဲဒီတော့ နောက်တစ်ခုကတော့ မန္တလေးတိုင်းဒေသကြီးနဲ့ပူးပေါင်းပြီးတော့ ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ဘယ်မြေဧရိယာပေါ်မှာ ဘယ်လောက်လုပ်မယ်။ ရင်းနှီးမြှုပ်နှံမယ့်သူက ဘယ်သူရှိတယ်ဆိုတာ အခု မန္တလေးတိုင်းဒေသကြီးကို လာနေပါပြီ။ လာနေတော့ လေဆိပ်အရဆိုလို့ရှိရင် လေဆိပ်ဧရိယာကတော့ ဒီလောက်ဖြစ်ပါတယ်။ အဲဒီတော့ ခြံစည်းရိုးအပြင်မှာ ဒီမြေဧရိယာတွေ ဒီလောက်ရှိပါတယ်။ ရှိတော့မှ Infrastructure တွေအတွက် လေဆိပ်ဖွံ့ဖြိုးတိုးတက်ဖို့ရယ်၊ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ရယ် လျာထားပြီးတော့မှ၊ ချပြီးတော့မှဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ အခု ပထမဆုံး ကျွန်တော်တို့လုပ်နိုင်တာကတော့ လေဆိပ်ကိုဒီလအတွင်းကမှပဲ လွှဲပြောင်းပေးတာဖြစ်ပါတယ်။ အဲဒီတော့ လေဆိပ်ဖွံ့ဖြိုးတိုးတက်ပြီးတော့မှ တစ်ဖက်က ရင်းနှီးမြှုပ်နှံတဲ့လူတွေ လာနေတဲ့အခါမှာ လေဆိပ်ကတော့ ဒီလိုလုပ်ငန်းစပြီ။ စတဲ့အတွက် အပြင်မှာ ဒီလိုလုပ်ငန်းတွေဆောင်ရွက်လို့ရတယ်။ မြေအနေအထားကတော့ ဒီလိုရှိတယ်ဆိုပြီးတော့မှ အပြန်အလှန်ရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီများနဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများနဲ့ ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ အခုလောလောဆယ်တော့ ဘယ်မြေပေါ်မှာ ဘယ်ဟာလုပ်မယ်ဆိုတာ ကျွန်တော်တို့ အတိအကျပြောလို့၊ ရှင်းလင်းပြလို့မဖြစ်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ပြောနိုင်တဲ့အချက် သေချာတာတစ်ခုကတော့ ၃၄၉၅ ဧကသော ခြံစည်းရိုးဝင်းအတွင်း ခတ်ထားတဲ့ဟာကတော့ ဘယ်နေရာမှာ ဘာအဆောက်အဦဆောက်မယ်။ ဘယ်လမ်းဖောက်မယ်၊ ဘယ်လိုစက်ပစ္စည်းကိရိယာတွေထားမယ်၊ ဘယ်လို Cold Storage ထားမယ်ဆိုတာ ကျွန်တော်တို့ ရှင်းလင်းစွာဖြေကြားနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှင်းရှင်းလင်းလင်းဖြေကြားပေးတဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ တိတိကျကျလည်း ဖြစ်ပါတယ်။

**မော်လမြိုင်လေယာဉ်ကွင်းကို အဆင့်မြှင့်တင်ပြီး တစ်ပတ်လျှင် အထူးလေယာဉ်ပျံများ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ပြေးဆွဲနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းဖြစ်ပါ တယ်။ ဆက်သွယ်ရေးနှင့်ပတ်သက်သော မေးခွန်းတစ်ခုကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ မော်လမြိုင်မြို့ တွင် အခြားမြို့သို့သွားလာရန်လေယာဉ်ကွင်းများ ရှိပါတယ်။ ယခင်ကာလများတွင် လေယာဉ်ဖြင့် သွားလာကြပါတယ်။ ယခုအခါ ကားလမ်းကိုသာ ပို၍အသုံးပြုနေကြရပါသည်။ သို့ဖြစ်၍ အချိန်တို၍ လူကိုသက်သာစေရန် မော်လမြိုင်လေယာဉ်ပျံကွင်းကို အဆင့်မြှင့်တင်ပြီး တစ်ပတ်လျှင် အထူး လေယာဉ်ပျံများ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ပြေးဆွဲနိုင်ရန်အစီအစဉ်ရှိ/မရှိ သိလိုပါသောကြောင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ မုဒုံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းမေးမြန်းတဲ့မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ အပတ် စဉ် တနင်္လာနေ့တိုင်းမှာ ရန်ကုန်-မော်လမြိုင်-ကော့သောင်း-မော်လမြိုင်-ရန်ကုန် ခရီးစဉ်ကို တစ်ကြိမ် ပုံမှန်ပျံသန်းပေးလျက်ရှိပါတယ်။ မော်လမြိုင်မြို့ကို လေယာဉ်ခရီးစဉ် ပြေးဆွဲရာမှာ ခရီးသည်ရရှိမှု အနေနဲ့ကတော့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ တစ်ပတ်လျှင် ၂၈ ဦး၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ တစ်ပတ်လျှင် ၃၀ ဦးသာ ရရှိခဲ့တဲ့အတွက် မော်လမြိုင်ဌာနခွဲအနေနဲ့ ခရီးသည်ရရှိမှု နည်းပါးလျက်ရှိတဲ့အတွက် မြန်မာအမျိုးသားလေကြောင်းအနေနဲ့ မော်လမြိုင်ဌာနခွဲကို တစ်ပတ်ကိုတစ်ကြိမ်သာ ပျံသန်းနိုင်မှာ ဖြစ်ပြီး ခရီးသည်ပိုမိုတိုးတက်ရရှိပါက ခရီးစဉ်များတိုးချဲ့ပျံသန်း ပြေးဆွဲသွားမှာဖြစ်ပါတယ်။ ဖြည့်စွက်

ပြီးတင်ပြလိုတာကတော့ ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းဖြစ်တဲ့ မန်းရတနာပုံ လေကြောင်းလိုင်းကတော့ ယခင်တစ်ပတ်က မော်လမြိုင်လေယာဉ်ကွင်းမှာ အခြေချဖို့သွားရောက်ပြီးတော့မှ လေ့လာခဲ့ပြီးဖြစ်ပါတယ်။ လေယာဉ်တစ်စီးဟာ မော်လမြိုင်လေယာဉ်ကွင်းမှာ ညအိပ်ရပ်နား ပြီးတော့မှ မော်လမြိုင်-ထားဝယ်- ကော့သောင်း- မြိတ်စသဖြင့် ခရီးစဉ်တွေ၊ ရန်ကုန်ခရီးစဉ်တွေကို အပြန်အလှန်ပြေးဆွဲသွားမယ်လို့ သိရှိရပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ခွင့်ပြုထားပေးပြီး ဖြစ်ပါတယ်။

မော်လမြိုင်လေဆိပ်အနေနဲ့ကတော့ လက်ရှိပြေးလမ်းဟာ ၅၄၀၀ ပေ၊ အကျယ် ၁၅၀ ပေနှင့် လေယာဉ်ရပ်နားရာ အလျား ၃၀၀ ပေ၊ အကျယ် ၂၀၀ ပေတို့ကို ကျောက်ကတ္တရာခင်းပြီးတော့ တည်ရှိပါတယ်။ လေဆိပ်အဆောက်အဦမှာ အလျား ၁၀၀ ပေ၊ အနံ ၄၀ ပေရှိတဲ့ အုတ်ညှပ်အဆောက်အဦဖြစ်ပြီးတော့ လေကြောင်းထိန်းမျှော်စင်နှင့်တွဲပြီး တည်ဆောက်ထားပါတယ်။ လက်ရှိလေယာဉ်ပြေးလမ်းမှာတော့ ATR-72 လေယာဉ်များ ဆင်းသက်အသုံးပြုနေပါတယ်။ လေယာဉ်ကွင်း ပြုပြင်ထိန်းသိမ်းခြင်းကိုတော့ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီးတော့မှ လေယာဉ်ကွင်းအဆင့်မြှင့်တင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထားခဲ့ခြင်းမရှိသေးပါဘူး။ သို့သော်လည်း ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲနေတဲ့ ပြည်တွင်းလေဆိပ်များ ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိတ်ပါဝင်စားတဲ့ကုမ္ပဏီတွေကို Register of Interest ခေါ်ယူထားခဲ့ပြီးဖြစ်ပါတယ်။ မော်လမြိုင်လေဆိပ်အတွက် ရေးဆွဲထားတဲ့၊ လေဆိပ်ထဲမှာ သီးသန့်ရေးဆွဲထားတဲ့ Master Plan များရှိပါတယ်။ လေဆိပ်အဆင့်မြှင့်တင်ဖို့၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ဖို့နဲ့ လေဆိပ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တင်ဒါခေါ်ယူတဲ့အချိန်မှာ အောင်မြင်တဲ့ကုမ္ပဏီနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ လေယာဉ်ကွင်းကြီးအား ပြန်လည်ပြုပြင်ပြီး လေယာဉ်ပြန်လည် ပြေးဆွဲပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကာယစိတ္တနှစ်ဝပြည့်ဝပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးမှ လေယာဉ်ကွင်းတစ်ကွင်းတည်ရှိခဲ့ပါတယ်။ လွန်ခဲ့သော အနှစ် ၅၀ လောက်ကစတင်တည်ဆောက်ခဲ့ကြောင်းသိရှိရပါတယ်။ လေယာဉ်ကွင်းအားစနစ်တကျသွပ်ဆူးကြိုးများ ကာရံထားပြီးတစ်လလျှင် နှစ်ကြိမ်လေယာဉ်ပြေးဆွဲပေးခဲ့ပါတယ်။ ဒီနောက်ပိုင်းလေယာဉ်ပြေးဆွဲမှုမရှိတော့ဘဲ တပ်မတော်လေယာဉ်များသာရိက္ခာပေးပို့ရန်အတွက် အသုံးပြုခဲ့ပါတယ်။ ယခုအခါ လေယာဉ်ကွင်းကြီးဟာ အကာအရံများမရှိတော့ဘဲ ဟင်းလင်းကွင်းပြင်ကြီးဖြစ်နေပြီး ကျွဲ၊ နွား၊ ဆိတ်များ လွှတ်ကျောင်းရာနေရာကြီးဖြစ်နေပါတယ်။ မည်သည့်အဖွဲ့အစည်းများမှ ထိန်းသိမ်းမှုမရှိတော့ပါဘူး။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းအား သက်ဆိုင်ရာသို့ တင်ပြမေးမြန်းအပ်ပါတယ်။ (၁) သထုံမြို့လေယာဉ်ကွင်းကြီးအားပြန်လည်ပြုပြင်ပြီး လေယာဉ်ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ။ (၂) ပြေးဆွဲရန်အစီအစဉ်မရှိတော့ပါက မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းရဲ့ မေးခွန်းကိုကျွန်တော်မှပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ သထုံလေယာဉ်ကွင်းဟာလွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်ကတည်ဆောက်ခဲ့သော လေယာဉ်ကွင်းဖြစ်ပါတယ်။ ၁၉၆၀ ခုနှစ်အထိ တစ်လလျှင်နှစ်ကြိမ် တွင်အော်တာလေယာဉ်

ငယ်များ ဆင်းသက်ပျံသန်း အသုံးပြုခဲ့ပါတယ်။ ၎င်းနောက်ပိုင်းမှာ ခရီးသည်လေယာဉ်များ ပြေးဆွဲမဆောင်ရွက်နိုင်တော့ဘဲ တပ်မတော်ရိက္ခာပို့တဲ့ P.C(6)လေယာဉ်ငယ်များသာ ဆင်းသက်နိုင်ပါတယ်။ သထုံလေယာဉ်ကွင်းရဲ့ လက်ရှိအနေအထားမှာ မြေသားအားကျောက်ဖြင့်ရော၍ ကြိတ်ထားသော မြေရောကျောက်စရစ်ခင်း လေယာဉ်ကွင်းငယ်ဖြစ်ပြီး ပြေးလမ်းနယ်နိမိတ်မှာ အလျား ၃၀၀၀ ပေ၊ အကျယ် ၂၅၀ ပေ ရှိပါတယ်။ လက်ရှိ မြန်မာအမျိုးသားလေကြောင်းမှ ဝယ်ယူထားတဲ့ Beach Aircraft နှင့် Grand Caravan ကဲ့သို့သော လေယာဉ်ငယ်များ ဆက်တက်မည်ဆိုပါက လေယာဉ်ပြေးလမ်းအား အလျား ၄၀၀၀ ပေ၊ အကျယ် ၁၀၀ ပေ ရရှိသည်အထိ တိုးချဲ့ပြီးမှသာ အသုံးပြုနိုင်မည့် အနေအထားဖြစ်ပါတယ်။ သထုံလေယာဉ်ကွင်းဟာ မြေနေရာအနေအထားမှာ ကျဉ်းမြောင်းပြီး လူနေအိမ်များ၊ တောင်စွယ်များနှင့် နီးကပ်နေသဖြင့် ပြေးလမ်းတိုးချဲ့ရာတွင် အခက်အခဲများစွာ ရှိပါတယ်။

သထုံမြို့ဟာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရလွယ်ကူတဲ့ အနေအထားမှာ ရှိပါတယ်။ အနာဂတ်ကာလမှာ လေကြောင်းသွားလာမှုများ ပိုမိုထွန်းကားလာပြီး လေယာဉ်ငယ်များ ပျံသန်းအသုံးပြုရန် လိုအပ်သည့်အချိန်မှာ သထုံလေယာဉ်ကွင်းအား တိုးချဲ့ပြီးတော့ လေယာဉ်ငယ်များ ဆင်းသက်ပျံသန်းနိုင်ရန် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ယခုအချိန်မှာတော့ လေယာဉ်ငယ်များ ဆင်းသက်ပျံသန်းရန် မဖြစ်နိုင်သေးသော်လည်း လိုအပ်တဲ့ အချိန်မှာ မြန်ဆန်စွာအသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ထိန်းသိမ်းမှာဖြစ်ပြီး၊ သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ထိန်းသိမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက် အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော မသန်းစွမ်းသူများ၏ အခွင့်အရေးနှင့်အကာအကွယ်များ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၄) ရက်မြောက်နေ့ဖြစ်သော ၂၆-၃-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများကို ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများကို ပြုလုပ်ပြီးလွှတ်တော်ရဲ့ ဆန္ဒသဘောထားကို ရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ခြင်းမပြုတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ (၄၉) ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၂-၄-၂၀၁၅ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်၊ လူမှုဖွံ့ဖြိုး

တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းသဘောတူသည့်အချက် ၄၉ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အခန်း(၁) ဥပဒေခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ (ခ)၊ (ည)၊ (ပ)၊ (ဗ) နဲ့ (ဘ)။ အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဆ)၊ (ဇ)နဲ့ (ဈ)၊ အခန်း(၃) ခေါင်းစဉ် အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၅)၊ (၆)၊ (၇)၊ (၈)၊ (၉) နဲ့ (၁၀)။ အပိုဒ် ၄ အပိုဒ်ခွဲ(ခ)။ အပိုဒ် ၆၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ (ဂ)၊ (ထ)နဲ့(ဒ)။ အခန်း(၄) အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)။ အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)နဲ့ (င)။ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)၊ (ဂ)နဲ့(ဃ)။ အပိုဒ် ၁၇ အပိုဒ်ခွဲ(ဂ)နဲ့(ဃ)။ အခန်း(၅)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)။ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊(ခ)၊ (ဂ)၊ (ဃ) နှင့် (င)။ အပိုဒ် ၂၈ အခန်း (၈) အခန်းခေါင်းစဉ်။ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(က)။ အသစ်ဖြည့်စွက်ချက်အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၃၃၊ အခန်း(၁၀)၊ အခန်းခေါင်းစဉ်။ အပိုဒ် ၃၅ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) နှင့်(၅)။ အပိုဒ် ၃၆ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)နဲ့(စ)။ အခန်း(၁၁)၊ အပိုဒ် ၃၇၊ ၃၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ)။ အခန်း(၁၂) အပိုဒ် ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁ နဲ့ ၅၂။ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၄ နဲ့ ၅၆။ အပိုဒ် ၅၈ အခန်း(၁၃)မှ အခန်း(၁၅)အထိ အပိုဒ် ၅၉၊ အပိုဒ် ၆၂၊ ၆၄၊ ၆၅၊ ၆၆၊ အပိုဒ် ၆၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆၇ အပိုဒ်ခွဲ(ခ)နဲ့ (ဂ)ကို ပယ်ဖျက်ခြင်း။ အပိုဒ် ၆၇ အပိုဒ်ခွဲ(ဂ)။ အပိုဒ် ၆၈ နှင့် အပိုဒ် ၆၉။ အပိုဒ် ၆၉ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၇၃ အပိုဒ်ခွဲ(ခ)။ အခန်း(၁၆)နှင့်အခန်း(၁၇)မှာ အပိုဒ် ၇၄၊ အပိုဒ် ၇၆ အပိုဒ်ခွဲ(က) နှင့် (ဂ)၊ အပိုဒ် ၇၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၀၊ အပိုဒ် ၈၂၊ အပိုဒ် ၈၃၊ အပိုဒ် ၈၄ အပိုဒ်ခွဲ (က)နှင့် (ခ)၊ အပိုဒ် ၈၉ နှင့် ၉၀၊ အပိုဒ် ၉၃ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ကသဘောတူပြီး အချက် ၄၉ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**မှူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများရဲ့ အခွင့်အရေးများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၄၉) ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၄၉) ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် မသန်စွမ်းသူများရဲ့အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၄၉) ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၂၂) ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကို ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ခဲ့တဲ့ အချက် (၂၂) ချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (ဎ)နှင့် အပိုဒ်ခွဲ(ဒ)၊ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ အခန်း(၃) အသစ်ဖြည့်စွက်ချက် အပိုဒ်၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၄)၊ အခန်း(၄) အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)၊ အခန်း(၅) အပိုဒ် ၂၂၊ အပိုဒ် ၂၇၊ အခန်း(၉) အပိုဒ် ၃၄၊ အခန်း(၁၀) အပိုဒ် ၃၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အခန်း(၁၁) အပိုဒ် ၄၁ အပိုဒ်ခွဲ(က)၊ အခန်း(၁၂) အပိုဒ် ၅၇၊ အခန်း(၁၄) အပိုဒ် ၆၇ အပိုဒ်ခွဲ(ခ)၊ အခန်း(၁၅) အပိုဒ် ၆၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၃ အပိုဒ်ခွဲ(က)၊ အခန်း(၁၇) အပိုဒ် ၉၁၊ အပိုဒ် ၉၂ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၂၂) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်းစွမ်းသူများရဲ့ အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက် (၂၂) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် မသန်စွမ်းသူများရဲ့အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၂၂) ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများရဲ့အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၅) ချက်နှင့် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ ပြင်ဆင်ချက် (၂) ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခု စတင်ဆောင်ရွက်မှာဖြစ်တဲ့အတွက် မသန်စွမ်းသူများရဲ့ အခွင့်အရေးများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၅) ချက်အား တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်အရ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားကို သုံးပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ် ၁ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) ပုဂ္ဂလိကပညာသင်အထူးကျောင်းဆိုသည်မှာ မသန်စွမ်းသူများ၏ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပညာသင်ကြားပို့ချသည့် ပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတပိုင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သိပ္ပံ သို့မဟုတ် အခြေခံပညာကျောင်းများကိုဆိုသည်။ အမှတ်စဉ် ၂ အခန်း(၂) အပိုဒ် ၃ ပုဒ်မခွဲ(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမို၍ကြည့်ရှုစောင့်ရှောက်နိုင်ရန်၊ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၃ အမှတ်စဉ် ၅ အခန်း (၁၂) အပိုဒ် ၅၃ မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုသည် အပိုဒ်ခွဲ(က) မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀

ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မသန်စွမ်းသူများ အသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ လျှောက်ထားရမည်။ အမှတ်စဉ် ၆ အခန်း(၁၃) အပိုဒ် ၆၀ ပိုင်ရှင်တစ်ဦးဦးသည် ပုဂ္ဂလိကအသက်မွေးမှုအထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီအနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးမှတစ်ဆင့်ဦးစီးဌာနသို့ လျှောက်ထားရမည်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၇ အခန်း(၁၃) အပိုဒ် ၆၂ မူလပြဌာန်းမည့် အဆိုပြုချက်ဖြစ်သော ပုဒ်မ ၆၁ အရ ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးရမည်ဆိုသည့် ဥပဒေကြမ်း ကော်မတီ၏ ထပ်မံပြင်ဆင်ချက် (၅)ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါသည်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်း လက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၅) ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ ဒါကြောင့် ထပ်မံပြင်ဆင်ချက်(၅)ချက်သည် မူလပြဌာန်းချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်အတိုင်းပဲ ဒီဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့အတွက် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်ကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်ဖြစ်ပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်၊ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေကြမ်းရဲ့ အခန်း(၃) အပိုဒ် ၇ အပိုဒ်ခွဲ(ခ) ပါ မူလပြဋ္ဌာန်းချက်ပေါ် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဓိကအနေနဲ့ကတော့ မူလပြဋ္ဌာန်းချက်မှာပါရှိတဲ့ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းလို့ ပြဋ္ဌာန်းခဲ့ရာမှာ အမျိုးသားလွှတ်တော်က စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များဆိုတာကို ဖြုတ်ပယ်ပြီးအတည်ပြုခဲ့ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတကာမှာ အများသူငါးသွားလာနေတဲ့ရုံးများ၊ ဘုတာရုံများ၊ ဈေးများ၊ Supermarket ကြီးများနှင့် သန့်စင်ခန်းများမှာ မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာအသုံးပြုနိုင်အောင် စီမံထားရှိထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆောက်လုပ်ပြီးသားအဆောက်အဦများမှာတော့ ပြင်ဆင်ဖို့မလွယ်ကူပေမယ့် အသစ်ထပ်မံဆောက်လုပ်တဲ့ အဆောက်အဦများမှာ မသန်စွမ်းသူများအတွက် အဆင်ပြေစေမယ့် အစီအမံများ၊ တည်ဆောက်ရေးများ ပါရှိရေးကို ခွင့်ပြုရန် လိုအပ်ပါတယ်။ ဝန်ကြီးဌာနများမှာ ဘယ်လိုပင်မူဝါဒများပါရှိစေကာမူ ခွင့်ပြုမိန့်ကို စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့က တိုက်ရိုက်ကိုင်တွယ်တာမို့ ၎င်းတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုလိုအပ်မှာဖြစ်တဲ့အတွက် အပိုဒ်၇ အပိုဒ်ခွဲ(ခ)ကို ပုဒ်မခွဲ(က)အရ ချမှတ်ထားသောမူဝါဒလမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ၊ သတင်းအချက်အလက် ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာကြီးကြပ်ခြင်းကို ပြဋ္ဌာန်းပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**မှူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ပြောပေးပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ တင်ပြချက်အဆိုကို ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့သဘောထားကိုလည်းပြောပါ။

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ဒေါက်တာမေဝင်းမြင့်ရဲ့ ပြင်ဆင်ချက်ကို ကျွန်မတို့ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောတူတဲ့အတွက် အပိုဒ် ၇ အပိုဒ်ခွဲ(ခ)သည် ဒေါက်တာဒေါ်မေဝင်းမြင့်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၇ အပိုဒ်ခွဲ(င)ရဲ့အောက်တွင် အပိုဒ်ခွဲအသစ်ထပ်မံဖြည့်စွက်ခြင်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဥပဒေကြမ်းရဲ့ အခန်း(၇) အပိုဒ် ၂၇ အပိုဒ်ခွဲ(င)ရဲ့နောက်မှာ အပိုဒ်ခွဲ(စ)အဖြစ် အရွယ်ရောက် ဉာဏ်ရည်မသန်စွမ်းအမျိုးသမီးများအတွက် လိုအပ်ချက်အရ မိဘ သို့မဟုတ် လက်ရှိ အုပ်ထိန်းသူများမှ ဆန္ဒပြုပါလျှင် မျိုးဆက်ပွားခြင်းကို ကျန်းမာရေးစောင့်ရှောက်မှုမူဝါဒနှင့်အညီ ဆောင်ရွက်ခွင့်ပြုခြင်း စာပိုဒ်ကို အသစ်ဖြည့်စွက်လိုပါတယ်။ ဘာကြောင့်ပါလဲဆိုလို့ရှိရင် ဉာဏ်ရည် မသန်စွမ်းသော်လည်း အမျိုးသမီးများရဲ့ခန္ဓာကိုယ်ဟာ အရွယ်အားလျော်စွာဖွံ့ဖြိုးလေ့ရှိပါတယ်။ ဒါပေမယ့် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းမရှိတာကြောင့် မသမာသူအခွင့်အရေးသမားများရဲ့ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ပြုမူ ကျူးလွန်မှုများခံရတဲ့ဖြစ်ရပ်များ ကြုံတွေ့ရလေ့ရှိပါတယ်။ မိဘအုပ်ထိန်းသူများအနေနဲ့လည်း အချိန်လွန်မှသာ သိရှိကြရတာဖြစ်ပါတယ်။ အထက်ပါကဲ့သို့ပင် အခြားသော အကြောင်းကြောင်းများကြောင့် မလိုလားအပ်တဲ့ ကိုယ်ဝန်များရရှိလာလျှင်၊ တရားဝင်ကိုယ်ဝန်ဖျက်ခွင့်( Legal Abortion) ခေါ် Termination of Pregnancy ကို ဆေးပညာရှင်များ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခွင့်ရှိကြောင်းကို လည်း သိရပါတယ်။ ဒါကြောင့်မို့လို့ မိဘ သို့မဟုတ်

အုပ်ထိန်းသူများက ဆန္ဒပြုလာပါလျှင် ပဋိသန္ဓေကိစ္စရပ်များအပါအဝင် အမျိုးသမီးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ ခံစားရရှိနိုင်ဖို့လိုမှာ ဖြစ်တဲ့အတွက် အထက်ပါအချက်ကို ဖြည့်စွက်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုလည်း ပြောပေးပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ အသစ်ဖြည့်စွက်ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့သဘောထားကိုလည်းပြောပါ။

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ ဖြည့်စွက်ချက်ကို ကွန့်မတိုအနေနဲ့ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ ဖြည့်စွက်ချက်ကို ဥပဒေကြမ်းကော်မတီကလည်း သဘောတူပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း သဘောတူတဲ့အတွက် ဒေါက်တာဒေါ်မေဝင်းမြင့်ရဲ့ ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၂၇ အပိုဒ်ခွဲ(င)၏ အောက်တွင် အပိုဒ်ခွဲအသစ်ထပ်မံဖြည့်စွက်ခြင်းကို ဤဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများရဲ့ အခွင့်အရေးများ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်ကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မသန်စွမ်းသူများရဲ့ အခွင့်အရေးများ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၉)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]